# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 17 , 2023 Volume 72, Number 13

**၁၇.၁၁.၂၀၂၃**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၈၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၈.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၃.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၁.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၀၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၃၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၈၀၄ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်တွင်းဝယ်လိုအားကောင်းခြင်းကြောင့် ကြံကြိတ်ခွဲရာသီတွင် သကြားစက်များ ကြံဈေးမြှင့်ဝယ်ယူနေဟုဆို




ပြည်တွင်းသကြားဈေး မြင့်တက်နေခြင်းကြောင့် ယခုနှစ် ကြံကြိတ်ခွဲရာသီအစတွင် သကြားစက်များက ယခင်နှစ်များထက် ကြံဈေးနှုန်းများ တိုးမြှင့်ပေးပြီး ဝယ်နေကြောင်း ကြံစိုက်တောင်သူများက ပြောသည်။ သကြားဈေးကွက် ကောင်းမွန်နေသည့်အတွက် ပြည်တွင်း သကြားစက်ရုံအသီးသီးမှ ကြံဈေးနှုန်းများကို တိုးမြှင့်ပေးနေခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ် ကြံကြိတ်စရာသီတွင် ကြံတစ်တန်လျှင် ၉၀၀၀၀သာ ပေးဝယ်ကြပြီး ယခုနှစ်ကြံကြိတ်ခွဲစရာသီတွင် တစ်သိန်းခွဲထိ ပေးဝယ်လာကြောင်းသိရသည်။ စက်တင်ဘာလက ၂၀၂၃-၂၀၁၄ ကြံကြိတ်ရာသီတွင် သကြားစက်ရုံတချို့မှ ကြံတစ်တန်ကို တစ်သိန်းနှစ်သောင်းအထိသာ အများဆုံးပေးဝယ်ယူမည်ဟု ကြော်ငြာခဲ့သော်လည်း သကြားဈေးကောင်းနေ၍ တချို့သကြားစက်ရုံများမှ ကြံဈေးအား တစ်သိန်းခွဲထိ တိုးပေးမည်ဟု ကြော်ငြာအသိပေးလျက်ရှိသည်။ပြီးခဲ့တဲ့နှစ်က ကြံကြိတ်ရာသီအစက တစ်သိန်းကို ၉ သောင်းပဲပေးခဲ့တာ ပြီးမှသကြားဈေးကောင်းလာလို့ စက်ရုံတွေက ထပ်ပြီးပိုပေးဝယ်ကြတာ။ အခုက အစမှာတင် တစ်သိန်းကျော်စပေးတဲ့ သကြားစက်ရုံတွေရှိသလို၊ တစ်သိန်းခွဲပေးမယ်လို့ ကြော်ငြာထားတဲ့စက်ရုံတွေလည်းရှိတော့ ကြံစိုက်တောင်သူတွေအတွက် အားတက်တာပေါ့၊ အဓိက သကြားဈေးကောင်းလာလို့ ပိုပေးလာကြတာဟု ရှမ်းတောင်ရွှေညောင်မှ ကြံစိုက်တောင်သူတစ်ဦးက ပြောသည်။ ပြည်တွင်းသကြားစက်ရုံများအနက် ရွှေညောင် မြဘုရင်သကြားစက်ရုံမှ တစ်သိန်းခွဲပေးဝယ်မည်ဖြစ်ပြီး နဝဒေးသကြားစက်ရုံအနေဖြင့် အဖူးအမြစ်ကင်းစင်ကာ သန့်ရှင်းလတ်ဆတ်သည့် ကြံတစ်တန်ကို တစ်သိန်းနှစ်သောင်းခွဲဖြင့်လည်းကောင်း၊ ငွေရည်ပုလဲသကြားစက်ရုံနှင့် မိုင်းရယ်သကြားစက်ရုံအနေဖြင့်စက်ရုံရောက်ဈေး တစ်သိန်းနှစ်သောင်းဖြင့်လည်းကောင်း ဝယ်ယူပေးမည်ဟု ကြိုတင်ကြော်ငြာထားကြောင်းလည်းသိရသည်။ "သကြားဈေးက ၂၀၂၃ ခုနှစ် နှစ်စပိုင်းကတည်းက ကောင်းလာတာ။ နိုင်ငံတကာဈေးမှာလည်းမြင့်နေတော့ သကြားဈေးကောင်းနေတာ။ အရင်လို ထိုင်းသကြားတွေလည်း သိပ်မဝင်တော့ သကြားဈေးက အမြင့်

ဈေးမှာရှိနေတာပေါ့၊ သကြားဈေးတက်တော့ ကြံဈေးပါမြင့်လာတဲ့သဘောပါ”ဟု ပဲခူးတိုင်းဒေသကြီးမှ ကြံစိုက်တောင်သူ ကို ကျော်သူကပြောသည်။ ဈေးကွက်တွင် လက်ကျန်နည်းလာပြီဖြစ်သည့်အတွက် သကြားဈေးအမြင့်ဈေးတွင်ရှိနေခြင်းဖြစ်ပြီး ရန်ကုန်တွင် သကြားတစ်ပိဿာလျှင် ယခင် ၃၃၀၀ ကျပ်ဝန်းကျင်မှ ၃၆၀၀ ကျပ်ဝန်းကျင်အထိ ဈေးဖွင့်ရောင်းချနေကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ပျမ်းမျှသကြားတန်ချိန် လေးသိန်းခန့်စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းစားသုံးရန် အတွက်ချန်ကာ ပိုလျှံသကြားများကို ပြည်ပသို့တင်ပို့ရောင်းချကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များ အသင်းမှသိရသည်။ ပြီးခဲ့သည့်နှစ်က တချို့ပြည်တွင်းသကြားစက်ရုံများမှ သကြားဈေးကောင်းခဲ့သည့်အတွက် စက်ရုံသို့ရောင်း ချခဲ့သည့် တောင်သူများအား အမြတ်ငွေထပ်မံခွဲဝေပေးခြင်းများလည်းရှိခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံ၏ ကြံကြိတ်ခွဲ ရာသီသည် နှစ်စဉ် နိုဝင်ဘာလနှင့်ဒီဇင်ဘာလများမှ စတင်နေခြင်းဖြစ်ကြောင်း သိရသည်။

Source: AMIA

#Awba

## ဈေးနှုန်းအနည်းငယ်ပိုမို၍ အရောင်းအဝယ်ဖြစ်နေသည့် အစေ့ထုတ်ပြောင်း



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ အစေ့ထုတ်ပြောင်းများ စက်တင်ဘာလ၊ တတိယပတ်မှစတင်၍ ဝင်ရောက်ခဲ့ပြီး နိုဝင်ဘာလဒုတိယပတ်အတွင်း အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းမှာ အစေ့ထုတ်ပြောင်းတစ်တင်းလျှင် (၁၇,၀၀၀) ကျပ် ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း (၉၀၀)တင်း၊ တန်အားဖြင့် (၂၂)တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ နိုဝင်ဘာလပထမပတ်နှင့် ဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများ နှိုင်းယှဉ်ပါက နိုဝင်ဘာလပထမပတ်တွင် အစေ့ထုတ်ပြောင်း တစ်တင်းလျှင် (၁၆၈၀၀) ကျပ်နှင့် နိုဝင်ဘာလဒုတိယပတ်တွင် (၁၇,၀၀၀) ကျပ် ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

**Source: DOCA (စစ်ကိုင်း)**

**https://www.commerce.gov.mm/my/article/update-news-local-trade/**

## ကန့်ဘလူခရိုင်အတွင်းဖြစ်ပေါ်နေသော ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးဈေးနှုန်းများ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်သည် စိုက်ပျိုးရေး လုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိရာ သီးနှံစိုက်ပျိုးရာတွင် အထွက်နှုန်းများ ပိုမိုကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးသုံးဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများကို စိုက်ပျိုးသူတောင်သူများ ဝယ်ယူအသုံးပြုလျက်ရှိကြောင်းသိရသည်။

ကန့်ဘလူခရိုင်၌ နိုဝင်ဘာလ ဒုတိယပတ်အတွင်းဖြစ်ပေါ်ခဲ့သော စိုက်ပျိုးရေးသုံးဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ၏ဈေးနှုန်းများမှာ ပန်းဖူး (50) kg တစ်အိတ်လျှင် (၈၅,၀၀၀) ကျပ်၊ မျှားကမ္ဘာ (50) kg တစ်အိတ်လျှင် (၇၆,၀၀၀) ကျပ်၊ ကွန်ပေါင်း(10:10:5) (50) kg တစ်အိတ်လျှင် (၇၆,၀၀၀) ကျပ်၊ ကွန်ပေါင်း (15:15:15) (50) kg တစ်အိတ်လျှင် (၁၆၀,၀၀၀) ကျပ်၊ ပိုတက် (50) kg တစ်အိတ်လျှင် (၁၄၀,၀၀၀) ကျပ်နှင့် ရွှေတောနစ် (၅၀၀) စီစီ တစ်ဘူးလျှင် (၁၁,၅၀၀) ကျပ်၊ မိုရယ်လ်မုန်း (၅၀၀)စီစီ တစ်ဘူးလျှင် (၂၅,၅၀၀)ကျပ်၊ ဟတ်ကာ (၅၀၀)စီစီ တစ်ဘူးလျှင် (၂၄,၅၀၀) ကျပ်၊ AP ဇာပြာ (၅၀၀) စီစီ တစ်ဘူးလျှင် (၁၇,၅၀၀) ကျပ်ဖြင့် ရောင်းချလျက်ရှိကြောင်း စိုက်ပျိုးရေးသုံးဆေးနှင့်ဆေးပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်ထံမှ သိရသည်။

**Source: DOCA (စစ်ကိုင်း)**

https://www.commerce.gov.mm/my/article/update-news-local-trade

## ထိုင်းဆန် ပြည်ပတင်ပို့ရန် လျာထားချက်တိုးမြှင့်




ထိုင်းနိုင်ငံသည် ယခုနှစ်အတွက် ဆန်တင်ပို့မှုရည်မှန်းချက်ကို မက်ထရစ်တန် ၈ ဒသမ ၅ သန်းအထိ တိုးမြှင့်ထားကြောင်း ထိုင်းဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ရိုက်တာသတင်းဌာနသို့ ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

အစိုးရက ဆန်တန်ချိန် ၈ သန်း တင်ပို့မည်ဟု အစောပိုင်းက ရည်မှန်းထားခဲ့ပါသည်။ ဗီယက်နမ်ဆန်ဈေး မြင့်တက်နေသဖြင့် နှိုင်းယှဉ်ပါက ထိုင်းဆန်က ဈေးသက်သာနေသဖြင့် ထိုင်းဆန်ဝယ်ယူမှု များပြားမည်ဟု မျှော်မှန်းထားသည်။ “ဗီယက်နမ်ဆန်က ဈေးကြီးတဲ့အတွက် ဖိလစ်ပိုင်နဲ့အင်ဒိုနီးရှားတို့လို နိုင်ငံတွေထံမှ ထိုင်းဆန်အမှာစာတွေတိုးလာတယ်” ဟု ၎င်းက ပြောသည်။

ထိုင်းဆန်သည် မက်ထရစ်တစ်တန်လျှင် ကန်ဒေါ်လာ ၅၅၀ မှ ၅၅၅ ဒေါ်လာခန့်နှင့် ဗီယက်နမ်ဆန်က ဒေါ်လာ ၆၃၀ ခန့်ရှိကြောင်း ၎င်းကပြောသည်။ ထိုင်းနိုင်ငံသည် အိန္ဒိယပြီးလျှင် ဒုတိယကမ္ဘာ့အများဆုံး ဆန်တင်ပို့သူဖြစ်သည်။

ယခုနှစ်တွင် ထိုင်းဆန်ထုတ်လုပ်မှုသည် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သက်ရောက်မှုအနည်းငယ်သာရှိကြောင်း Chookiwat မှ ပြောကြားခဲ့ပါသည်။ ၂၀၂၃-၂၀၂၄ ရာသီတွင် တန်ချိန် ၃၃ မှ ၃၄ သန်းအထိထွက်ရှိရန် မျှော်မှန်းထားပြီး ယမန်နှစ်အလားတူကာလထက် တန်ချိန် ၂ သန်း ပိုများမည်ဖြစ်သည်။

ဇန်နဝါရီမှစက်တင်ဘာလအတွင်း ထိုင်းနိုင်ငံသည် ဆန်တန်ချိန် ၆ ဒသမ ၁၈ သန်း ပြည်ပသို့ ရောင်းချခဲ့ရသည်။ လာမည့်နှစ်တွင် ထိုင်းဆန်တင်ပို့မှုသည် တန်ချိန် ၇ ဒသမ ၅ သန်းအထိ ကျဆင်းရန်မျှော်မှန်းထားကြောင်း၊ ကမ္ဘာ့ထိပ်တန်း ဆန်တင်ပို့သူ အိန္ဒိယသည် ဆန်တင်ပို့မှု ကန့်သတ်ပိတ်ပင်မှုများ ဖြေလျှော့မည်ဟု ခန့်မှန်းထားသည်။

**Source: Reuters**

https://t.me/Guid4U

## အိန္ဒိယဘာစမာတီဆန် ပြည်ပပို့ကုန် အနည်းဆုံးဈေးနှုန်းမူဝါဒ ဖြေလျှော့ပြီးနောက် ရောင်းအားမြင့်တက်




ဥရောပနှင့်အရှေ့အလယ်ပိုင်းရှိ အဓိကဈေးကွက်များမှ ဝယ်လိုအားအရှိန်မြှင့်ရန် မဟာဗျူဟာမြောက်အရွေ့အနေဖြင့် အိန္ဒိယသည် အသစ်ပေါ်သည့် ဘာစမာတီဆန် မက်ထရစ်တန် ၅၀၀,၀၀၀ ခန့် တင်ပို့ရန် သဘောတူညီချက်များကို လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း ကုန်သည်များက ဗုဒ္ဓဟူးနေ့ (နိုဝင်ဘာ ၁၅) တွင် ပြောကြားကြသည်။

ဆန်လုံးရှည် အိန္ဒိယဘာစမာတီဆန်၏ ထူးခြားသောအနံ့အရည်အသွေးကြောင့် ရောင်းပန်းလှသဖြင့် နှစ်စဉ်ပြည်ပသို့ ဘာစမာတီဆန် တန်ချိန် ၄ သန်းကျော် တင်ပို့နိုင်ခဲ့သည်။ ဘာစမာတီဆန် ကုန်သွယ်မှုကို အစိုးရ၏မူဝါဒအပြောင်းအလဲများကြားတွင် ဆက်လက်ခိုင်ခံ့စေနိုင်ခဲ့ပါသည်။

အိန္ဒိယ ဘာစမာတီဆန်ကို အရှေ့အလယ်ပိုင်းဒေသမှ အီရန်၊ အီရတ်၊ ယီမင်၊ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံများထံ တင်ပို့သည်။ ထို့ပြင် ဥရောပနှင့်အမေရိကန်တို့ထံသို့လည်းတင်ပို့ပြီး ဥရောပသည် အိန္ဒိယဘာစမာတီဆန်အဖို့ ကြီးမားသောဈေးကွက်ကြီးတစ်ခုဖြစ်သည်။

ပြည်တွင်းဈေးနှုန်းတည်ငြိမ်စေရန်အတွက် ပြည်တွင်းစားသုံးမှုနည်းပါးသည့် ဘာစမာတီဆန်ကိုတင်ပို့ရန် ဆက်လက်ခွင့်ပြုထားပြီး ပြည်တွင်းစားသုံးမှုများသည့် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုအား ဇွန်လတွင်ပိတ်ပင်ခဲ့ပြီးဖြစ်သည်။

ကုန်သည်အချို့က ဘာစမာတီမဟုတ်သောဆန်များကို ဘာစမာတီဆန်ဟုစာရင်းပြပြီး တင်ပို့မှုများရှိလာသည်။ ထိုအခါ ဘာစမာတီဆန်အတွက် ပို့ကုန်အနိမ့်ဆုံးဈေးနှုန်း minimum export price (MEP) တစ်တန် $1,200 ဟု အိန္ဒိယအစိုးရက ဩဂုတ်လမှစ၍ သတ်မှတ်ပြဋ္ဌာန်းထားလိုက်သည်။ ၎င်းဈေးနှုန်းအမြင့်ဖြင့် ဘာစမာတီမဟုတ်သောဆန်ကို စာရင်းပြပြီးတင်ပို့လျှင် အကြီးအကျယ်အရှုံးပြမည်ဖြစ်သည်။ သို့ဖြစ်ရာ ဘာစမာတီမဟုတ်သောဆန်များကို ဘာစမာတီဆန်ဟု စာရင်းလိမ်ပြပြီး တင်ပို့ခြင်း မပြုနိုင်ကြတော့ချေ။

သို့သော် ၎င်း MEP သည် ဘာစမာတီဆန်များအတွက်လည်း ဈေးနှုန်းမြင့်လွန်းနေသဖြင့် ပြည်ပဝယ်လက်များက မဝယ်ကြတော့ချေ။ ထိုအခါ ကုန်သည်များက export မရှိသဖြင့် ပြည်တွင်းမှ ဘာစမာတီဆန်များကို မဝယ်ကြတော့ချေ။ ဘာစမာတီဆန် အရောင်းအဝယ်ရပ်ကုန်သည်။

ဆန်သစ်ပေါ်ချိန်ဖြစ်သဖြင့် လယ်သမားများသည် လက်ထဲရောင်းမရတော့သည့် ဘာစမာတီစပါးများဖြင့် အခက်တွေ့ကုန်ကြသည်။ ကုန်သည်များက MEP လျှော့ချပေးဖို့ တောင်းဆိုခဲ့ကြသည်။ လုပ်သာကိုင်သာရှိမည့် ဈေးနှုန်းသတ်မှတ်ပေးဖို့ တောင်းဆိုခဲ့ကြပြီး ဘာစမာတီဆန် အဝယ်ရပ်ထားလိုက်ကြသည်။

အိန္ဒိယအစိုးရက MEP ကို တစ်တန် $950 ဟု ပြောင်းလဲသတ်မှတ်ပြီး ဖြေလျှော့ပေးသည်။ ဩဂုတ်လက MEP $1200 သတ်မှတ်ပြီးနောက် အရောင်းအဝယ်များ ရပ်တန့်သွားခဲ့ပြီး MEP $950 ပြင်ဆင်သတ်မှတ်ပြီးနောက် ဘာစမာတီဆန် ပြည်တွင်း ရောင်းဝယ်ရေး ပြန်လည်အသက်ဝင်လာသည်ဟု ကုန်သည်များက ပြောကြားကြသည်။

ပြည်ပဝယ်လက်များကလည်း အများအပြား ဝယ်ယူကြသည်။ "ယခုအထိ တန်ချိန် ၅၀၀,၀၀၀ ခန့်အတွက် ပို့ကုန် စာချုပ်များ ချုပ်ဆိုထားပြီးပါပြီ"ဟု အိန္ဒိယ ဆန်တင်ပို့သူများအဖွဲ့ချုပ်ဥက္ကဋ္ဌ ပရမ်ဂါ့ဂ်က ပြောသည်။ "ပုံမှန်အားဖြင့် စက်တင်ဘာလနဲ့အောက်တိုဘာလတွေမှာ ဆန်သစ်အတွက်အမှာစာတွေ စတင်ရရှိပေမဲ့ ဒီနှစ်မှာတော့ မက်ထရစ်တစ်တန် ကန်ဒေါ်လာ ၁၂၀၀ ရှိတဲ့ MEP က အရောင်းအဝယ် သဘောတူညီချက်တွေကို လက်မှတ်ရေးထိုးဖို့ ခက်ခဲစေခဲ့ပါတယ်"ဟု ၎င်းက ပြောကြားသည်။

အိန္ဒိယကုန်သည်များသည် မက်ထရစ်တန်တစ်တန်လျှင် ကန်ဒေါ်လာ ၁၀၀၀ မှ ၁၅၀၀ ကြားရှိ ဈေးနှုန်းများဖြင့် ဘာစမာတီ တင်ပို့မှု သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ကြောင်း ဂါ့ဂ် အပါအဝင် တင်ပို့သူနှစ်ဦးက ပြောကြားသည်။ တူရကီ၊ အီရတ်နှင့် ဆော်ဒီအာရေးဗီးယားတို့သည် ယခုနှစ်တွင် ဘာစမာတီဆန် အများဆုံး ဝယ်ယူသူများဖြစ်သည်။ "မက်ထရစ်တန် တစ်တန်ကို ဒေါ်လာ ၉၅၀ နဲ့ MEP ပြဋ္ဌာန်းထားပေမဲ့ ကျွန်တော်တို့ ပုံမှန်နှစ်စဉ်ပမာဏ မက်ထရစ်တန် ၄ သန်းလောက်ကို တင်ပို့နိုင်မယ်ထင်ပါတယ်" ဟု ဂါ့ဂ်က ပြောကြားသည်။

**Source: economictimes**

https://t.me/Guid4U

## ထိုင်းနိုင်ငံ ပြည်တွင်းသကြားဈေးနှုန်း ၂ ဘတ်တိုးမြှင့်ရန် အစိုးရအဖွဲ့သဘောတူ

ထုတ်လုပ်မှုကုန်ကျစရိတ်နှင့်ကိုက်ညီစေရန် ပြည်တွင်းသကြားဈေးနှုန်းကို ၂ ဘတ်တိုးမြှင့်ပေးရန် ထိုင်းနိုင်ငံ အစိုးရအဖွဲ့က သဘောတူလိုက်ကြောင်း၊ သဘာဝပတ်ဝန်းကျင်အတွက်ရည်ရွယ်သည့် ကြံနှင့်သကြားရန်ပုံငွေအတွက် ၂ ဘတ်ကိုမူ စားသုံးသူများတွင် အဆိုပါကုန်ကျစရိတ်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေလို၍ သဘောမတူခဲ့ကြောင်း သိရှိရပါသည်။

ဈေးနှုန်းတိုးမြှင့်ခြင်းသည် ချက်ချင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကြံစိုက်တောင်သူများနှင့် ကြိတ်စက်လုပ်ငန်းရှင်များထံမှ အကြံပြုချက်များရရှိခဲ့ပါကြောင်း၊ ကြံစိုက်တောင်သူများ၏ ကုန်ကျစရိတ်ကို ထည့်သွင်း တွက်ချက်ပေးရမည်ဖြစ်ကြောင်း၊ ကုန်စည်နှင့်ဝန်ဆောင်မှုများဈေးနှုန်းဗဟိုကော်မတီကလည်း စက်ရုံထုတ်သကြားကြမ်း ဈေးနှုန်းကို ၁ ကီလိုဂရမ်လျှင် ၂၁ ဘတ်၊ သန့်စင်ပြီးသကြားဈေးနှုန်းကို ၂၂ ဘတ်သို့တိုးမြှင့်ရန် သဘောတူခဲ့ပါကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Phumtham Wechayachai က ပြောကြားခဲ့သည်။

လက်လီဈေးနှုန်းများနှင့်စပ်လျဉ်း၍ လက်လီကုန်သည်များသည် နယ်ပယ်များစွာတွင် ကုန်ကျစရိတ်များ မတူညီနိုင်သဖြင့် သကြားအတွက် ဈေးနှုန်းထိန်းချုပ်ခြင်းကို ပြန်လည်ရုပ်သိမ်းရန်ဆုံးဖြတ်ခဲ့ပါကြောင်း၊ သို့သော် လက်လီဈေးနှုန်းများသည် အမှန်တကယ် ကုန်ကျစရိတ်နှင့်ကိုက်ညီရန်လိုကြောင်း၊ လက်လီဈေးနှုန်းများ မတရားသဖြင့် မြင့်တက်နေခြင်းရှိမရှိ သေချာစွာ စောင့်ကြည့်ရန် ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနနှင့် ခရိုင်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ထမ်းများအား ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က မှာကြားထားပါကြောင်း ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Chakara Yodmani က ဖြည့်စွက်ပြောကြားခဲ့ပါသည်။

ဆူပါမတ်ကက်များနှင့်စတိုးဆိုင်များတွင် သန့်စင်ပြီးသကြားဈေးသည် ၁ ကီလိုဂရမ်လျှင် ၂၆-၂၇ ဘတ်သို့ မြင့်တက်နိုင်ကြောင်း၊ သကြား ၁ တန်နှင့်အထက် တင်ပို့လိုပါက ဝန်ကြီးဌာနသို့ ကြိုတင်ခွင့်ပြုချက်ရယူရမည်ဆိုသည့် သကြားတင်ပို့မှုကို တင်းကျပ်ခဲ့သည့် ညွှန်ကြားချက်ကိုဖျက်သိမ်းရန် ကော်မတီကခွင့်ပြုခဲ့ပါကြောင်း သိရှိရပါသည်။

အစိုးရက သကြားဈေးတက်လာမှု၏ သက်ရောက်မှုအတွက် စိုးရိမ်နေပါက နေထိုင်မှုစရိတ်လျှော့ချရန်အတွက် ၃-၆ လကြာ သကြားခွန်ကို ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် လျှော့ချခြင်းနည်းလမ်းများကို စဉ်းစားသင့်ကြောင်း၊ သကြားခွန်ကို ကုမ္ပဏီကြီးများကထုတ်လုပ်သော အစားအသောက်နှင့်အဖျော်ယမကာများပေါ်တွင် ကောက်ခံခြင်းဖြစ်ကြောင်း၊ သကြား၏ ကျန်းမာရေးအပေါ်သက်ရောက်မှုကို စိုးရိမ်မှုကြောင့် အခွန်ကောက်ခံခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီကြီးများသည် ဈေးကွက်ယှဉ်ပြိုင်နိုင်ရန် လုပ်ငန်းနှင့်လည်ပတ်စရိတ်ကို စီမံခန့်ခွဲသင့်ကြောင်း ရင်းမြစ်တစ်ခုက သုံးသပ်ထားပါသည်။

ကြံစိုက်ပျိုးခြင်းကို မည်သို့ထောက်ပံ့ပေးသင့်သည်၊ ထုတ်လုပ်မှုအတွက် မည်ကဲ့သို့သော ကုန်ကြမ်းများ ထောက်ပံ့ပေးသင့်သည်ဆိုသည့်အချက်များကို စဉ်းစားသင့်ကြောင်း၊ ကြံစိုက်တောင်သူများနှင့်သကြားထုတ်လုပ်သူများသည် ဓာတ်မြေဩဇာ၊ စွမ်းအင်နှင့်လုပ်သားကုန်ကျစရိတ်များအတွက် ရုန်းကန်နေရပါကြောင်း၊ ဈေးနှုန်းပြင်ဆင်ခြင်းသည် သကြားစက်ရုံများနှင့် ပြည်သူအပေါ် အထောက်အကူမပြုဘဲ ဈေးကွက်နည်းလမ်းကို အစိုးရကဝင်ရောက်နှောင့်ယှက်သည့် ပုံစံဖြစ်နေပါကြောင်း ရင်းမြစ်တစ်ခုက ဖြည့်စွက်သုံးသပ်ထားပါသည်။

သကြားဈေးမြင့်တက်ခြင်းသည် ကုမ္ပဏီ၏ ထိန်းချုပ်မှုပြင်ပဖြစ်နေပါကြောင်း၊ ကုမ္ပဏီစုစုပေါင်းထုတ်ကုန်၏ ၁၀-၁၂ ရာခိုင်နှုန်းတွင် သကြားပါဝင်ပါကြောင်း၊ သကြားဈေးနှုန်း ၁၀ ရာခိုင်နှုန်းမြင့်တက်ခြင်းသည် ကုန်စည်၏ရောင်းဈေးကို ၀ ဒသမ ၅ ရာခိုင်နှုန်း သက်ရောက်ပါကြောင်း အဖျော်ယမကာထုတ်လုပ်သည့် Sappe Plc မှ အကြီးတန်းအရာရှိဖြစ်သူ Ms. Piyajit Ruckariyapong က သုံးသပ်ထားပါသည်။

**Source: www.bangkokpost. Gov**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့)**

## STOCK EXCHANGE (17.11.2023)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Nov. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,832 (Shares) | 13,838,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +200 | +2.33% | 8,600 | 8,800 | 8,500 | 326 | 2,795,100 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 2,545 | 7,380,450 | 38,929,150 | 112,895 |
| MCB | 00003 | 7,600 | +100 | +1.33% | 7,600 | 7,600 | 7,600 | 26 | 197,600 | 10,400,986 | 79,048 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,550 | 1,600 | 1,550 | 65 | 103,500 | 29,664,613 | 47,463 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 152 | 364,800 | 12,823,224 | 30,776 |
| EFR | 00006 | 2,000 | +50 | +2.56% | 2,000 | 2,000 | 2,000 | 171 | 342,000 | 19,977,223 | 39,954 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 8 | 39,200 | 10,497,598 | 51,438 |
| MAEX | 00008 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 1,539 | 2,616,300 | 23,804,946 | 40,468 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 17th Nov. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.62 | +4.59 | +1.26% | 361.77 | 367.62 | 361.57 | 4,832 | 13,838,950 | 8 | 693,407 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:00 pm, 20th Nov. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,063 (Shares) | 2,840,150 (MMK) |

| MYANPIX | 367.62 ▲ 0.00 |
|---|---|
| Total Volume (shares) | 1,063 |
| Total Value (MMK) | 3 mil |
| Listed Company | 8 |
| Market Cap. (MMK) | 693,407 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,700 | ▲ 0 |